# မင်းကိုနိုင်

မတရားမှုကို
အမှားဟုခံယူ ။ ။
အများစုအခြေအကျိုးတိုးပေး
တရားဥပဒေစိုးမိုးရေး
အားပြုပေအမျိုးမျိုးတွေးကြံသူ ။ ။

မွဲပြာကျဆင်းရဲခြင်း 'ဖွတ်'ချောက်တွင်းဆီမှ
ပြည်သူတွေလွတ်မြောက်ရင်း
ပြည်နိုင်ငံအထွဋ်ရောက်ခြင်းအတွက်
အသက်နဲ့ဘဝကို ပေးဆပ်အပ်နှံ ။ ။
ပြည်သူတွေ စစ်ကျွန်အဖြစ်
နွံမနစ်ရအောင်
ထောင်မကြောက် တန်းမကြောက်
လှမ်းလျှောက်သည် ငြိမ်းချမ်းရေးလမ်းစဉ်ဖြင့်
မြန်းဆင် အဓိဋ္ဌာန် ။ ။

အမှန်တရားရှိဘို့
အများသိဘို့
အားပြည့်အင်ရွှဲ
အများနှင့်ယှဉ်တွဲလှုပ်ရှား
အမျိုးသားရေးမဏ္ဍိုင် ။ ။
အစစ်ရဲ့အနှစ်
ရှစ်ဆယ့်ရှစ်နဲ့ လွတ်ကြောင်းကြံ
ခွပ်ဒေါင်းအလံ မြဲမြံဆုပ်ကိုင်
ဖွဲ့သန်လုပ်နိုင်ခြင်းပိုလှိုင်တဲ့
**"မင်းကိုနိုင်"** ။ ။

(မင်းကိုနိုင်၏ ၄၇ နှစ်မြောက်မွေးနေ့ဂုဏ်ပြုရေးစပ်ပါသည်)

ကြိုင်
လှ
မောင်
မောင်
၂၀၀၉
၁၀
၁၈









# ခွပ်ဒေါင်း လွတ်ကြောင်း





အကျဉ်းကျတာက တဆယ့်ငါး နှစ်
အများချစ်ကြတဲ့ ကျောင်းသားခေါင်းဆောင်
အကြောင်းအောင်ရှေ့ဆောင်တာက ထိပ်မြတ်
စိတ်ဓာတ်က သံမဏိ
ကြံ့သည့်အရာက လွတ်လပ်မှု
အထွင့်အမြတ်ပြုတာက တရားမျှတရေး
အများဘဝလှရေးအတွေးက အရေးစိုက်မြဲ
တိုက်ပွဲက နောင်ရိုး ဖောင်ချိုးလို့ဖျက်ခဲ့
တွက်မထည့်တာက ကိုယ်ကျိုး
မြော်ကိုးရှေ့ရှုတာက လူမှုအခွင့်အရေး
အကျင့်အတွေးက အာဏာရှင်ချေမှုန်းရေး
တပြည်လုံးအေးချမ်းဘို့ မှည့်ခေါ်အမည် 'မင်းကိုနိုင်'
သတင်းကိုလှိုင်လျက် ပြိုင်ဘက်ကင်း
အနိုင်အထက်ညှင်းသမျှဒဏ် ပြင်းပြခံအရှုံးမပေး
နှလုံးသွေးထဲ ဝပ်အောင်းတိုးနေတဲ့
ခွပ်ဒေါင်းအိုးဝေရဲ့ အာဇာနည်သွေး
ကမ္ဘာမှာ အမည်မွှေးတဲ့ တို့သူရဲကောင်း
လွတ်ကြောင်းအမြန် ခွပ်ဒေါင်းအလံ ဝေ့ရမ်းကာ
ကျန်းမာစေကြောင်း လွတ်စေကြောင်း

ကြိုင်
လှ
မောင်
မောင်
၂၀၀၄
ဝ၃
၂၃